**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ကျော့က်ကြီးမြို့နယ်**

ရက်စွဲ-မေလ /၁၂ရက်/၂၀၂၁နှစ်

**<u>အာဏာသိမ်းစစ်ကောင်စီမှစစ်ရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာလှုပ်ရှားမှုအပေါ်ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး</u>**

**<u>ကျော့က်ကြီးမြို့နယ်မှသဘောထားထုတ်ပြန်ကြေညာချက်</u>**

(၁)မိမိတို့ကေအဲန်ယူ ကျော့က်ကြီးမြို့နယ်သည် ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ဗဟိုနှင့်ခရိုင်တို့၏နိုင်ငံရေး ဦးဆောင်မှုအောက်တွင် ရပ်တည်သောအဖွဲ့အစည်းတစ်ခုဖြစ်သည်။သို့ဖြစ်ပါ၍ မိမိတို့အုပ်ချုပ်ရေးနယ်မြေအတွင်း တွင်လည်း ဗဟိုနှင့်ခရိုင်လမ်းညွှန်မှု အတိုင်း ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။

(၂)ကေအဲန်ယူ ကျော့က်ကြီးမြို့နယ်အုပ်ချုပ်ရေးနယ်မြေအတွင်း ခလရ(၆၀)တပ်ရင်း လက်အောက်ခံဖြစ်သည့် မာလာဦး ပြည်သူစစ် စခန်းနှင့် ဆိတ်ကြီး လမ်းဆုံလမ်းမကြီးပေါ် တွင် စစ်ဆေးရေးဂိတ်ချထားခြင်း ၃၀/၄/၂၀၂၁ ရက်နေ့နံနက်(၁၀း၄၅)မိနစ်အချိန်တွင် မိမိတို့ ကေအဲန်ယူ ကျော့က်ကြီး မြို့နယ် မှ ကျော့က် စရစ် အုပ်စု ဝေဒေါခို ကျေးရွာ(အင်တိုင်းကုန်းကျေးရွာ)မှအုပ်ချုပ်ရေး လုပ်ငန်းဆောင်ရွက်နေစဉ် ခလရ(၆၀)တပ်ရင်း ကျော့က်စရစ်ရွာ တွင်း အခြေစိုက်စခန်း မှ လာ ရောက် နှောက်ယှက် ခြင်း၊ ၁၁/၅/၂၀၂၁ ရက်နေ့တွင် ခလရ(၃၀)တပ်ရင်း ဘောကထာ အခြေစိုက် စခန်း နှင့်တုံးတံတားအခြေစိုက်စခန်းတို့ မှ ပဒဲကောကျေးရွာအုပ်စု ပဒဲကောကျေးရွာ နှင့် တုံးတံတား ကျေးရွာ မှ အများပြည် သူများသွားလာသည့် လမ်းမကြီးပေါ်တွင် ဂိတ်ချ စစ်ဆေးခြင်းများပြုလုပ်ခဲ့ပါသည်။

(၃)အာဏာသိမ်းစစ်ကောင်စီတပ်မတော်အနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို လူထုအပေါ် ခြောက်လှန့် ခြင်း၊ခြိမ်းခြောက်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်အရေးယူခြင်း၊အကြပ်ကိုင်ခြင်း များကိုလုံးဝလက်ခံမည် မဟုတ်သလို စစ်ကောင်စီတပ်မတော်အနေဖြင့် တပ်ပိုင်းဆိုင်ရာ တပ်လှုပ်ရှားခြင်း၊ကင်းထောက်ခြင်း၊ထိုးစစ် ဆင်ခြင်း၊ အများပြည်သူအသုံးပြုသည့်လမ်းမကြီးပေါ်တွင်ဂိတ်ချပြီးစစ်ဆေးမှုများပြုလုပ်နေမှုအားပြည်သူလူထုအပေါ်အကြပ်အတည်းများဖန်တီးခြင်းသာဖြစ်သည်။

(၄)သို့ဖြစ်ပါ၍ မိမိတို့ကေအဲန်ယူကျော့က်ကြီးမြို့နယ်အနေဖြင့် မိမိတို့ဒေသအတွင်း ပဋိပက္ခ မကြီးထွားလာစေရန် အာဏာသိမ်းစစ်ကောင်စီမှ ဤကဲ့သို့ပြုလုပ်အပေါ် လုံးဝလက်ခံနိုင်ခြင်းမရှိကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန်

phone-09781780281

မြို့နယ်အလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ကျော့က်ကြီးမြို့နယ်